ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ( ၁ /၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

## Dalbergia မျိုးစိတ်များအား CITES Appendix II သို့ စာရင်းထည့်သွင်းခြင်း

၁။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့မှ အောက်တိုဘာလ (၅) ရက်နေ့အထိ တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန္နစဘက်မြို့၌ ကျင်းပခဲ့သည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES) ၏ (၁၇) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး ဆုံးဖြတ်ချက်နှင့် CITES ကွန်ဗင်းရှင်းမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့၌ ထုတ်ပြန်သည့် ကြေငြာချက်အမှတ် (၂၀၁၆/၀၅၇) အရ CITES Appendix I စာရင်းဝင် Dalbergia မျိုးစိတ်များမှလွဲ၍ ကျန်ရှိသည့် Dalbergia မျိုးစိတ်များအား CITES Appendix II သို့ ထည့်သွင်းပြီး ဖြစ်ကြောင်းနှင့် အစည်းအဝေးတွင် အတည်ပြုသည့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့မှ ရက်ပေါင်း (၉၀) ပြည့်သည့်နေ့ (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့) နောက်ပိုင်းတွင် စတင်သက်ဝင်မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်သည်။

၂။ စတင်အသက်ဝင်သည့်နေ့ရက်မှစ၍ Dalbergia မျိုးစိတ်များနှင့်ပတ်သက်သည့် သစ်လုံး၊ သစ်ခွဲသား နှင့် သစ်ပါးလွှာ၊ ကုန်ပစ္စည်းများ၊ ပရိဘောဂများ၊ ဆင့်ပွားပစ္စည်းများကို တင်ပို့ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် ထပ်ဆင့်တင်ပို့ခြင်းတို့အတွက် သက်ဆိုင်ရာနိုင်ငံ၏ CITES Management Authority မှ ထုတ်ပေးသည့် CITES Export Permit၊ CITES Import Permit သို့မဟုတ်၊ CITES Re-Export Permit ပူးတွဲပါရှိရန်နှင့် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်မှုမှ ထွက်ရှိသည့် တရားဝင်သစ်များဖြစ်ရမည် ဖြစ်သည်။

၃။ CITES ၏ ကြော်ငြာချက်အမှတ် (၂၀၁၆/၀၅၇) အရ CITES Appendix II စာရင်းဝင် Dalbergia မျိုးစိတ်များအား အောက်ပါအတိုင်း သတ်မှတ်ထားသည် -

(က) Fabaceae မျိုးရင်းဖြစ်သည့် CITES Appendix I စာရင်းဝင် Dalbergia မျိုးစိတ်များမှလွဲ၍ ကျန်ရှိသည့် Dalbergia မျိုးစိတ်အားလုံးသည် CITES Appendix II စာရင်းဝင်မျိုးစိတ်များဖြစ်သည်၊

(ခ) CITES Appendix II စာရင်းဝင် Dalbergia မျိုးစိတ်များ၏ အောက်ဖော်ပြပါတို့မှလွဲ၍ ကျန်အစိတ်အပိုင်းများ၊ ဆင့်ပွားပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအားလုံးတို့သည် CITES Appendix II သတ်မှတ်ချက်တွင် အကျုံးဝင်သည်-

(၁) အရွက်၊ အပွင့်၊ ဝတ်မှုံ၊ အသီး၊ အစေ့၊

(၂) စုစုပေါင်းအလေးချိန် (၁၀) ကီလိုဂရမ်ထက် မပိုသော စီးပွားဖြစ်မဟုတ်သည့် တင်ပို့ခြင်း၊

(၃) Annotation # 4 တွင် အကျုံးဝင်သည့် *Dalbergia cochinchinensis* ၏ အစိတ်ပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ နှင့် Annotation # 6 တွင် အကျုံးဝင်သည့် မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့် ဒေသရင်း Dalbergia မျိုးစိတ်များ၏ အစိတ်အပိုင်းများ နှင့် ဆင့်ပွားပစ္စည်းများ။ (Annotation # 4 နှင့် Annotation # 6 တို့အပေါ် ရှင်းလင်းချက်အား နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။

၄။ မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသည့် Dalbergia မျိုးစိတ်များကို နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။

၅။ Dalbergia မျိုးစိတ်များနှင့်ပတ်သက်၍ CITES မှ နောက်ထပ်ပြင်ဆင်မှု တစ်စုံတစ်ရာ မပြုလုပ်မချင်း ယခုအမိန့်သည်အတည်ဖြစ်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊ (သစ်တော) ၃/CITES / ( ၁၇ /၂၀၁၇)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

<u>ဖြန့်ဝေခြင်း</u>

၁။ နိုင်ငံတော်သမ္မတရုံး

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၃။ ပြည်ထောင်စုလွှတ်တော်ရုံး

၄။ ပြည်သူ့လွှတ်တော်ရုံး

၅။ အမျိုးသားလွှတ်တော်ရုံး

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

၉။ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

(.............................................................................. ဝန်ကြီးဌာန)

၁၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံး

၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့

၁၃။ ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁) တွင် ထည့်သွင်းကြေညာပေးပါရန် အပိုမိတ္တူ (၅) စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊နေပြည်တော်

၁၅။ ဤဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်း/ဦးစီးဌာနများအားလုံး

(..............................................................................)

၁၆။ အမိန့်ကြော်ငြာစာတွဲ

အမိန့်အရ

(ခင်မောင်ရီ)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**Dalbergia မျိုးစိတ်များအား CITES Appendix II သို့ စာရင်းထည့်သွင်းခြင်း**
**အမိန့်ကြော်ငြာစာနှင့်ပတ်သက်သည့် နောက်ဆက်တွဲ ဖော်ပြချက်များ**

**နောက်ဆက်တွဲ (က) Annotation # 4 နှင့် Annotation # 6 အား ရှင်းလင်းတင်ပြချက်**

**Annotation # 4**

အောက်ဖော်ပြပါတို့မှလွဲ၍ ကျန်ရှိသည့် Dalbergia မျိုးစိတ်များ၏ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ အားလုံးသည် CITES Appendix II စာရင်းဝင်မျိုးစိတ်များဖြစ်သည်-

(က) အစေ့များ (Orchidaceae မျိုးရင်း၏ အစေ့တောင့်များပါဝင်သည်)၊ မျိုးစေ့များနှင့် ဝတ်မှုန်များ။ ခြွင်းချက်များသည် မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့် Cactaceae မျိုးစိတ်များ၊ Madagascar နိုင်ငံမှ တင်ပို့သည့် *Beccariophoenix madagascariensis* နှင့် *Neodypsis decaryi* မျိုးစိတ်များ၏ အစေ့များအတွက် အကျုံးမဝင်ပါ။

(ခ) ပိုးသတ်ထားသည့် ဖန်ခွက် (Container) များဖြင့် သယ်ဆောင်မည့် အစိုင်အခဲ (သို့) အရည် (သို့) ဖန်ပြွန်ချောင်းများဖြင့် မျိုးပွားခြင်းမှ ရရှိထားသည့် အပင်ပေါက်များနှင့် တစ်ရှူး (Tissue cultures) များ၊

(ဂ) ပဝတ္တိနည်းဖြင့် အပင်ပိုင်းမျိုးပွားခြင်းမှ ရရှိထားသည့် ဖြတ်ပန်းများ၊

(ဃ) သဘာဝနည်းဖြင့်ဖြစ်စေ၊ ပဝတ္တိနည်းဖြင့်ဖြစ်စေ မျိုးပွားထားသည့် Orchidaceae မျိုးရင်းဝင် Vanilla မျိုးစုများနှင့် Cactaceae မျိုးရင်းများမှ ရရှိသည့်အသီးများ၊ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ၊

(င) သဘာဝနည်းဖြင့်ဖြစ်စေ၊ ပဝတ္တိနည်းဖြင့်ဖြစ်စေ မျိုးပွားထားသည့် Cactaceae မျိုးရင်းဝင် Opuntia မျိုးစုများ၏ မျိုးစုခွဲများဖြစ်သည့် Opuntia နှင့် Selenicereus တို့၏ ပင်စည်များ၊ ပန်းပွင့်များ၊ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ၊

(စ) လက်လီရောင်းချနိုင်ရေး သယ်ယူပို့ဆောင်ရန် အသင့်ဖြစ်နေသည့် ထုပ်ပိုးထားသည့် *Euphorbia antisyphilitica* မျိုးစိတ်၏ အချောထည်ပစ္စည်းများ။

**Annotation # 6**

မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့် ဒေသရင်း Dalbergia မျိုးစိတ်များ၏ သစ်လုံးများ၊ သစ်ခွဲသားများ၊ သစ်ပါးလွှာများ၊ အထပ်သားများ။

နောက်ဆက်တွဲ (၈)    မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသည့် Dalbergia မျိုးစိတ်များ

| စဉ် | မျိုးစိတ်အမည် | အပင်အမျိုးအစား | မြန်မာအမည် | အင်္ဂလိပ်အမည် |
|---|---|---|---|---|
| ၁ | *Dalbergia assamica* | သစ်ပင် | | Medeloa |
| ၂ | *Dalbergia burmanica* | အပင်ငယ် | တမလန်းဖို | |
| ၃ | *Dalbergia cana* | သစ်ပင် | ရစ်မောင်စာ | |
| ၄ | *Dalbergia collettii* | သစ်ပင် | မဒမ | |
| ၅ | *Dalbergia confertiflora* | နွယ်ပင် | | |
| ၆ | *Dalbergia congesta* | နွယ်ပင် | | |
| ၇ | *Dalbergia cultrata* | သစ်ပင် | ရင်းတိုက် | |
| ၈ | *Dalbergia cumingiana* | သစ်ပင် | | |
| ၉ | *Dalbergia foliacea* | နွယ်ပင် | ဒေါင့်တလောင် | |
| ၁၀ | *Dalbergia fusca* | သစ်ပင် | ရင်းစပ် | |
| ၁၁ | *Dalbergia glomeriflora* | သစ်ပင် | | |
| ၁၂ | *Dalbergia hemsleyi* | အပင်ငယ် | တမလန်းဖို | |
| ၁၃ | *Dalbergia henryana* | အပင်ငယ် | | |
| ၁၄ | *Dalbergia junghuhnii* | သစ်ပင် | | Kayu-lakka |
| ၁၅ | *Dalbergia kerrii* | သစ်ပင် | | |
| ၁၆ | *Dalbergia kingiana* | ခြုံပင် | | |
| ၁၇ | *Dalbergia kurzii* | သစ်ပင် | သစ်ပုတ် | |
| ၁၈ | *Dalbergia lacei* | သစ်ပင် | | |
| ၁၉ | *Dalbergia lanceolaria* | သစ်ပင် | သစ်ပုဂံ | |
| ၂၀ | *Dalbergia latifolia* | သစ်ပင် | | |
| ၂၁ | *Dalbergia maymyensis* | သစ်ပင် | ရင်းတိုက် | |
| ၂၂ | *Dalbergia muliflora* | သစ်ပင် | သစ်ပုဂံ | |
| ၂၃ | *Dalbergia nigrescens* | သစ်ပင် | သစ်နနွင်း | |
| ၂၄ | *Dalbergia obtusifolia* | သစ်ပင် | မုဆိုးမ | |
| ၂၅ | *Dalbergia oliveri* | သစ်ပင် | တမလန်း | |
| ၂၆ | *Dalbergia ovata* | သစ်ပင် | ကြို့ဖိုရွက်သေး/ မဒမ | |
| ၂၇ | *Dalbergia paniculata* | သစ်ပင် | သစ်ဆနွင်း | |
| ၂၈ | *Dalbergia peguensis* | သစ်ပင် | | |
| ၂၉ | *Dalbergia pinnata* | သစ်ပင် | မန်ကျည်းနွယ် | |
| ၃၀ | *Dalbergia prainii* | သစ်ပင် | | |
| ၃၁ | *Dalbergia prazeri* | သစ်ပင် | တမလန်းဖို | |
| ၃၂ | *Dalbergia pseudo-ovata* | သစ်ပင် | | |
| ၃၃ | *Dalbergia purpurea* | သစ်ပင် | | |

| စဉ် | မျိုးစိတ်အမည် | အပင်အမျိုးအစား | မြန်မာအမည် | အင်္ဂလိပ်အမည် |
|---|---|---|---|---|
| ၃၄ | *Dalbergia reniformis* | သစ်ပင် | ရေမန်ကျည်း | |
| ၃၅ | *Dalbergia rimosa* | အပင်ငယ် | ဒေါင့်တလောင့် | |
| ၃၆ | *Dalbergia rubiginosa* | နွယ်ပင် | | |
| ၃၇ | *Dalbergia sisoo* | သစ်ပင် | ကုလားပိတောက် | |
| ၃၈ | *Dalbergia spinosa* | ခြုံပင် | ရေချင်းယား | |
| ၃၉ | *Dalbergia stipulacea* | နွယ်ပင် | ဒေါင့်တလောင် | |
| ၄၀ | *Dalbergia torta* | နွယ်ပင် | | |
| ၄၁ | *Dalbergia velutina* | နွယ်ပင် | | |
| ၄၂ | *Dalbergia velutina* var. *maingayi* | နွယ်ပင် | | |
| ၄၃ | *Dalbergia volubilis* | နွယ်ပင် | ဒေါင့်တလောင် | |